# မင်းသုံးပါးပွဲတော်ကြီးနေ့

ရှင်မာတေဦး ၂း၁ - ၁၂

သားတော် ယေရှုဘုရားရှင် မွေးဖွါးတာဟာ တစ်ကမ္ဘာလုံးအတွက် မွေးဖွါးလာတာဖြစ်လို့ တစ်ကမ္ဘာလုံးက မြင်နိုင်တဲ့ကြယ်ကြီးနဲ့ အထင်အရှားဖော်ပြတော်မူပါတယ်။ ဒီကြယ်ကြီးအကြောင်းကို သိကြတဲ့ မင်းပညာရှိသုံးပါးက ကြယ်ကြီးကို ကြည့်ပြီးခရီးထွက်ခဲ့ကြပါတယ်။ ကြယ်ကြီးက ညွှန်ပြနေတဲ့ ကြီးမြတ်တဲ့ပုဂ္ဂိုလ်ဆီကို ခရီးထွက်ခဲ့ကြတာပါ။ ရှေးတုံးက ပင်လယ်ပြင်မှာ ခရီးသွားတဲ့သူတွေလည်း ကြယ်ကိုကြည့်ပြီး သွားခဲ့ကြရတာပါပဲ။ ကြယ်ဟာ လူအများအတွက်တော့ လမ်းပြ (သို့မဟုတ်) မျှော်လင့်ခြင်းလက္ခဏာပါပဲ။

ဘဝမှာ သင့်ရဲ့ကြယ်က ဘယ်သူလဲ။ သင် ဘယ်သူ့နောက်ကို လိုက်နေသလဲ။ သင့်ရဲ့ ရည်မှန်းချက် အိပ်မက်က ဘာလဲ။ သင့်ရဲ့ လမ်းပြကြယ် မရှိပါဘူးဆိုရင်တော့ သင်က အမှောင်ထဲမှာ လမ်းလျှောက်နေတဲ့သူလို ဖြစ်မှာပေါ့။ ယနေ့ဖတ်ရတဲ့ ပထမကျမ်းစာ ဟေရှာယကျမ်းထဲမှာ "အိုယေရုဆလင်၊ ထလော့၊ လင်းလော့။ သင်၏အလင်း ရောက်လာပြီ။ ထာဝရဘုရား၏ဘုန်းတော်သည် သင်၏အပေါ်မှာ ထွန်းလင်းလျက်ရှိ၏။" လို့ ဖော်ပြပါရှိပါတယ်။

ယနေ့ သတင်းကောင်းကတော့ ကျနော်တို့ဟာ အမှောင်ထဲမှာ လမ်းလျှောက်စရာ မလိုတော့ပါဘူး။ ကျနော်တို့ရဲ့ကြယ်၊ ကျနော်တို့ရဲ့လမ်းပြ၊ ကျနော်တို့ရဲ့ ပန်းတိုင်ဟာ ထင်ရှားပေါ်လွင်နေပါပြီ။

ခရစ္စမတ်ပွဲတော် ကျင်းပတဲ့အခိပ္ပါယ်က "ခရစ်တော်ဟာ ကမ္ဘာလောကရဲ့အလင်း ဖြစ်တော်မူတာကို ဖော်ပြတာပါ။ ယနေ့ မင်းသုံးပါးပွဲတော်ကို ကျင်းပခြင်းအားဖြင့် ခရစ္စမတ်ဟာ ခရစ္စယာန်တွေရဲ့ ပွဲတော် ဖြစ်ရုံတင်မကဘူး၊ လူအားလုံးရဲ့ပွဲ တစ်ကမ္ဘာလုံးရဲ့ပွဲတော် ဖြစ်ကြောင်း ဖော်ပြနေပါတယ်။ ခရစ်တော်ဟာ လူအားလုံးအတွက်

ဆင်းကြွလာတာဖြစ်ပါတယ်။ လူတွေအချင်းချင်း ကြေအေး သင့်မြတ်ကြဖို့၊ လူတွေ ဘုရားထံ ပြန်လာနိုင်ကြဖို့ ခရစ်တော်ကိုယ်တိုင် သနားခြင်း၊ ချစ်ခြင်းနဲ့ သနားညှာတာခြင်းတွေကို ဟောပြောတော်မူပါတယ်။

လူတိုင်းရဲ့ စစ်မှန်တဲ့ပန်းတိုင်၊ ဘဝရည်မှန်းချက်ကို ခရစ်တော်က ထုတ်ဖော်ပြလိုက်တာပါပဲ။ ဒါတင်မကဘူး၊ အဲ့ဒီပန်းတိုင်ကို ရောက်ဖို့ နည်းလမ်းကိုလည်း ပြသပါတယ်။ ဒါကြောင့် ယေရှုဘုရားရှင်က လူတွေ ကြွယ်ဝတဲ့အသက်တာနဲ့ ဘယ်လိုအသက်ရှင်နေထိုင်ရမလဲ၊ ချစ်တတ်တဲ့လူဖြစ်ဖို့ ဘယ်လိုနေထိုင်ရမလဲ၊ ခွင့်လွှတ်တတ်ဖို့/ အများအတွက် ပေးဆပ်တတ်ဖို့ ခရစ်တော်က ကိုယ်တော်တိုင် ကျွန်အစေခံလို ကျင့်ကြံပြီး လက်တွေ့ စံနမူနာ ပြတော်မူပါတယ်။ ဒီလိုနည်းအားဖြင့် ကျနော်တို့တစ်တွေလည်း လောကအတွက် အလင်းဖြစ်စေမယ်၊ လူတွေအားလုံးကိုလည်း မျှော်လင့်ချက်တွေ ရှင်သန်နေစေပါတယ်။ ဒါကြောင့် ကိုယ့်ဘဝရဲ့ ပန်းတိုင်၊ အသက်ရှင်ရတဲ့အဓိပ္ပါယ်ကို သိနိုင်ဖို့ ယေရှုဘုရားရှင်ထံမှာ ချဉ်းကပ်ကြရပါမယ်။

ယနေ့ ခရစ်တော်ကို ကိုယ့်ရဲ့ လမ်းပြကြယ်၊ ကိုယ့်ရဲ့စံနမူနာအဖြစ် တွေ့ရှိထားတဲ့ ရှင်ပေါလူးကို အတုယူကြရပါမယ်။ ရှင်ပေါလူးရဲ့ဘဝတစ်လျှောက်လုံး ရှာဖွေနေခဲ့ရတဲ့ လမ်းပြကြယ်ဟာ ခရစ်တော်ပဲဖြစ်ပါတယ်။ ခရစ်တော်သာ သူ့ဘဝရဲ့ အရေးကြီးဆုံးပုဂ္ဂိုလ်ဖြစ်လို့ ကျန်တဲ့အရာအားလုံး (ရွှေငွေ ဥစ္စာပစ္စည်းတွေ) ဟာ အမှိုက်သရိုက်တွေပါပဲလို့ သူ့ရဲ့ကျမ်းစာမှာ ရေးထားပါတယ်။

နောက်ပြီး မင်းပညာရှိသုံးပါးကိုလည်း ကျနော်တို့က စံနမူနာယူကြရပါမယ်။ သူတို့က သူငယ်တော်ယေဇူးအကြောင်းကို ဟိုရပ်ဝေးက သိရရုံနဲ့ မကျေနပ်သေးပါဘူး။ ကိုယ်တိုင် ရှာဖွေဖို့ ခရီးရှည်ကြီး ထွက်ခဲ့ကြတယ်။ ဘယ်နေရာမှာ မွေးဖွားမှန်း မသိရပေမဲ့

ကိုယ်တိုင်ကိုယ်ကျ ဖူးတွေ့ချင်လို့ အရောက်သွားခဲ့ကြတယ်။ ကျနော်တို့လည်း ယေရှုဘုရားရှင်အကြောင်းကို ဟိုစာအုပ်ကဖတ်၊ ဒီဆရာက ဟောပြောလို့ သိရတာလေးနဲ့ မကျေနပ်သင့်ပါဘူး။ ကိုယ်တိုင်ကိုယ်ကျ ထိတွေ့ခံစားမိဖို့ သူတို့လို ကျိုးစားအားထုတ်ရပါမယ်။ ယေရှုဘုရားရှင်အကြောင်းကို သိရရုံလေးနဲ့ ဘာမျှအရာ မရောက်သေးဘူး။ ယေရှုဘုရားရှင်ကို ချစ်ဖို့ပါ အဓိကကျပါတယ်။ ပိုသိရလေလေ၊ ပိုပြီးချစ်ရလေလေ ဖြစ်ရပါ့မယ်။ မင်းကြီးသုံးပါးနဲ့ ရှင်ပေါလုူးတို့လိုပေါ့။

ဟေရုဒ်မင်းကြီးကတော့ ယေရှုဘုရားရှင် မွေးဖွားလာတာကို သူက မလိုလားဘူး။ သူ့ရဲ့ ဘုရင်ရာထူးကို လုယူမှာစိုးလို့တဲ့လေ။ ကျနော်တို့လည်း ယေရှုဘုရားရှင်ကို လက်မခံချင်ကြတာကတော့ ယေရှုဘုရားရှင်ကို လက်ခံလိုက်ရင် “ယေရှုဘုရားရှင်က ငါ့ဘဝကို ချုပ်ချယ်တော့မယ်၊ သူ့ကို နာခံရတော့မယ်။ ငါတော့ အပြစ်တွေ ဆက်လုပ်လို့ မရတော့ဘူး” ဆိုပြီး ဘုရားကို တစ်ချို့လူတွေက လက်မခံကြတာပါ။ တစ်ကယ်တမ်းတော့ ယေရှုဘုရားရှင်က ကျနော်တို့ ဘဝတွေကို လွတ်မြောက်အောင် ကယ်တင်ပေးနေတာပါ။ ကြည့်ပါ့လား၊ သင်က လွတ်မြောက်ပြီလား၊ မလွတ်မြောက်သေးဘူး၊ ကျွန်ဖြစ်နေသေးတယ်မဟုတ်လား။ ဒေါသရဲ့ကျွန်၊ အရက်ရဲ့ကျွန်၊ အသွေးအသား ကာမဂုဏ်ရဲ့ကျွန် ဒါကြောင့် မကောင်းညစ်ညမ်းတဲ့ရုပ်ပုံတွေ ဗီဒီယိုတွေကို မကြည့်ပဲ မနေနိုင်ဘူးမဟုတ်လား။ မှန်တယ်။ ကျွန်ဖြစ်နေတာကြာပြီ။

အဲ့ဒီလို ထိုင်းမှိုင်းနေရတဲ့ဘဝ မပျော်နိုင်မရွှင်နိုင်ဖြစ်နေရတဲ့ဘဝ နဲ့ နေနေရတဲ့သင့်ကို ဘုရားက မကြည့်ရက်ပါဘူး။ ဘုရားရဲ့ သားသမီးအဖြစ် လွတ်လွတ်လပ်လပ် နေစေချင်ပါတယ်။ မင်းကြီးသုံးပါးက ပညာရှိပီပီ စဉ်းစားတတ်ကြတယ်။ “ငါတို့မသေခင် အဲဒီဘုရားနဲ့ တွေ့သွားမှ ငါတို့ဟာ

လူဖြစ်ရကျိုးနပ်မယ်” လို့ သူတို့ စဉ်းစားမိကြလို့ မဖြစ်ဖြစ်အောင် ရှာဖွေဖို့ သက်စွန့်စံဖြား ထွက်လာခဲ့ကြတာပဲ။ ဒါကြောင့်လည်း ယေဇူးဘုရားရှင်က “ဘုရားသခင်၏နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားကို ရှေးဦးစွာ ရှာဖွေကြလော့။ နောက်မှ သင်တို့ လိုအပ်သမျှကို အဘဘုရားသခင် ပေးတော်မူလိမ့်မည်” လို့ မိန့်တော်မူခြင်းအားဖြင့် လူတိုင်းက ဘုရားကို ဦးစားပေး ရှာဖွေထိတွေ့နိုင်အောင် အရင်ဆုံး ကျိုးစားအားထုတ်ရမှာပါ။

ဒီလိုဆိုရင် ဘယ်လိုနည်းနဲ့ ဘုရားကို ရှာဖွေတွေ့ထိနိုင်မှာလဲ။ မင်းသုံးပါးလို ပထမတော့ လေ့လာခြင်းနဲ့ စဉ်းစားဆင်ခြင်ခြင်းအားဖြင့် စရပါလိမ့်မယ်။ ပြီးမှ မင်းသုံးပါးလို သိတဲ့လူထံမှာ မေးမြန်းရပါလိမ့်မယ်။ နောက်ဆုံးမှာတော့ ရေရှည် ကျမ်းစာဖတ် ထောက်ရှုစဉ်းစားခြင်းအားဖြင့် ပို ပိုပြီးသိလာစေရမှာဖြစ်ပါတယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။